

# ဖက်ဆစ်တော်လှန်ချိန်က ရန်ကုန်စစ်မြေကိုယ်တွေ့

တင်ပြသူ
ဗိုလ်မှူးကြီးခင်ညို (အငြိမ်းစား)
(တော်လှန်ရေးတောင်စိဝင်ဆောင်း)

## တော်လှန်ရေးနေ့ကို ရက်ရွှေ့ခဲ့စဉ်က

ယခင်တပတ်က ကျွန်တော် ရေးသားခဲ့သော (ရန်ကုန် စစ်မြေကိုယ်တွေ့) ဆောင်းပါးတွင် ဂျပန်များကို တော်လှန် ချိန်က ရန်ကုန်မြို့နယ်ကို သီးခြားစစ်တိုင်းဌာနဟူ၍သတ်မှတ်ခြင်း မရှိခဲ့။ ကျွန်တော်လည်း ရန်ကုန်တိုင်းစစ်ခေါင်းဆောင် မဟုတ်ဟု ရှင်းလင်း ဖော်ပြ ခဲ့ပါသည်။ ဤသို့ဖြစ်ခဲ့လျှင် အဘယ်ကြောင့် ကျွန် တော် ၏ တပ်စိတ်သည် မဟာမိတ် စစ်တပ်များ ဝင်လာသည်အထိ ရန်ကုန်၌ တည်ရှိနေသနည်းဟု မေးဘွယ် ရှိပါသည်။ အဘယ့်ကြောင့် ကျွန်တော် ဦးစီးသော အမြောက်ကြီးတပ်ကို တပ်ဖျောက်၍ မြစ်ဝကျွန်းပေါ်တိုင်း (၂) ဗိုလ်မှူးကြီး နေဝင်း ထံမသွားသနည်းဟု မေးရန် အကြောင်း ရှိပေသည်။ ဖော်ပြပါ အမေးနှစ်ရပ်ကို အောက်ပါအတိုင်းဖြေရပါမည်။

ဧပြီလ ၂ ရက်နေ့မှ
မတ်လ ၂၇ ရက်သို့

တော်လှန်ရေးနေ့ ကို ၁၉၄၅-ခုနှစ် ဧပြီလ ၂-ရက်နေ့မှ မတ်လ ၂၇-ရက်နေ့သို့ပြောင်းရွှေ့ လိုက်ရ ခြင်းကို သခင်တင်မြ ရေးသား သော "ဘုံဘဝ မှာဖြင့်" အဋ္ဌမနောက်ဆုံးပိုင်းနှင့် "ဖက်ဆစ်တော်လှန်ရေး ဌာနချုပ် နှင့်တိုင်း ဆယ် တိုင်း" ဒေါက်တာ မောင်မောင် ပြုစုသော "မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီး နေဝင်း" စာအုပ်နှင့် ဝန်ကြီးချုပ်ဟောင်း ဦးဘဆွေ၏ "ရန်ကုန်ကို မည်သူသိမ်းသနည်း" ဆောင်း ပါး တွင် ဖော်ပြပါရှိသော အကြောင်းပြချက်များတွင် အမိဘအကြောင်းရင်းကို ဖော်ပြထားသည်ကို မတွေ့ရချေ။ ဧပြီ ၂-ရက် နေ့မှ၊ မတ်လ ၂၇-ရက် သို့ ပြောင်းရွှေ့ လိုက်ရခြင်း၏ အမိက အကြောင်း ရင်းသည် ကျွန်တော် ဂျပန် ခေတ် လေယာဉ်ပစ် အမြောက် ကြီး တပ်-တပ်ရင်းမှူး ဗိုလ်ကြီးခင်ညို (ယခုဗိုလ်မှူးကြီး ခင်ညို အငြိမ်းစား) ဖက် ဆစ် တော်လှန်ရေးစတင်သော မတ်လ ၂၇-ရက်နေ့ ည ၇-နာရီ အချိန်မှစ၍၊ ရန်ကုန်မြို့မှ အမိပတိ ဒေါက်တာ ဘမော် ထွက်ခွာသွားသည့် ဧပြီလ ၂၃-ရက်နေ့အထိ၊ ဒေါက်တာ ဘမော်လူ၊ ဗိုလ်ရန်နိုင် ၏ တပ်ဖွဲ့ဝင် မဟုတ် သော်လည်း၊ ဗ တိတ်သယောင်ယောင် ထင်ထင် ပေါ် ပေါ် သွားလာ လှုပ်ရှား နေရခြင်း နှင့် အလုံ အမြောက်ကြီး တပ် တပ်မဖျောက်ခြင်း တို့နှင့် ဆက်စပ်၍ နေပေလသည်။

ရန်ကုန်မြို့မှ ထွက်ခွာရန် အမိန့်ရသော တပ်များ၊ အမိန့် ရသော ဦးဝိစာရလမ်း စစ်ရုံးချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် လက်တို့ခေါ် သွားသူ များ သည်- မတ် လ (၂၀)ရက်နေ့ကို နောက် ဆုံးထား ၍ ထွက် ခွာ သွား ကြသည်။

ဒေါက်တာဘမော်နှင့်
နောက်ဆုံး တွေ့ဆုံခြင်း

ဗိုလ်ချုပ်အောင်ဆန်းနှင့် အခွဲ မတ်လ(၂၂)ရက်နေ့ညဦးပိုင်းတွင် ထွက်ခွာ သွားသည်။ ဗိုလ်မင်းခေါင် (ရွှေတူ) ရေး "ဗိုလ်ချုပ် အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်" စာအုပ် အရ၊ ဗိုလ်ချုပ် အောင်ဆန်းသည် အမိပတိ ဒေါက်တာ ဘမော် ကို မတ်လ (၂၀)ရက် သို့မဟုတ် (၂၁) ရက် နေ့ တွင် သွားရောက်နှုတ်ဆက်သည့် ကောက်နုတ် ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

"ကဲ... ဒီ့အမိပတိကို နှုတ်ဆက်ဘို့ ကျွန်ုပ်လာတယ် သွားဘို့ပြင်ထား၊ ငါမကြာခင် ဆင်းလာ ခဲ့မယ်" ဟု ပြော လိုက်သည်။

ကျွန်တော် (ဗိုလ်မင်းခေါင်) လည်း အသင့်ပြင်ထားလျက် အမိပတိဒေါက်တာဘမော်ရုံးသို့အတူထွက်ခွာသွားကြသည်။ ဗိုလ်ချုပ်က သတ္တိရှိ၍ ပွင့်လင်းသည်။ အမိပတိ ဒေါက်တာဘမော်နှင့် တွေ့သည့် အခါတွင်လည်း၊ မကွယ်မဝှက် ဂျပန်ကို တော်လှန်တော့မည် ဖြစ်ကြောင်း ပွင့်ပွင့်လင်း လင်း တင် ပြ ခဲ့ သည်။ ဒေါက် တာ- ဘ မော် လည်း အောင်မြင် စေကြောင်း ဆုမွန်ကောင်း တောင်း လိုက် သေးသည်။ ကျွန်တော် သည် ဤမျှ ဗိုလ်ချုပ် ပွင့်လင်း၍အံ့အားသင့်နေသည်၊ ကားပေါ်ရောက်မှ-

"ဘယ်နှယ် ကို ကြီး... မ တော်တဆ သတင်းများပေါက်ကြား သွားရင် အစီအစဉ် တွေ ပျက်ကုန် ရော့မယ်"

"ဟေ့.... ဒေါက်တာ ဘမော်ဟာ ဒီနေရာ မျိုးမှာ နှုတ် လုံ တယ်၊ သစ္စာ ရှိ ပါ တယ် မပူပါနဲ့ကွာ ငါအရမ်းမဲ့ ပြောတာမဟုတ်ပါဘူး"

"ဒီလို ဆိုရင်လဲ ကောင်းပါ ရှဲဗျား"

(ဤနေရာ၌ ကျွန်တော် တွေးထင် သလို မဟုတ်ပါ။ အမိပတိဒေါက်တာဘမော် အနေနှင့် ဂျပန်များနှင့်အတူ မော်လမြိုင်ဘက်သို့ ဆုတ်ခွာသည်အထိ တော်လှန်မှု သတင်းကို မည်သူ့ ထံမှ မထုတ်ဖော် ခဲ့ပေ။)

အထက်ပါ ကွင်း ပိတ် နှင့် ဖော် ပြ ထား သော ဗိုလ် မင်း ခေါင်၏ မှတ်ချက်တွဲသို့ လက်တွေ့ တွင် မဖြစ် လာချေ။ အောက်ပါ အတိုင်း သ တင်း ပေါက်ကြားသွားသည်။

ဒေါက်တာဘမော်
ပေါက်ကြားသလော

၁၉၄၅-ခုနှစ်မတ်လ ၂၂-၂၃-ရက်နေ့ နံနက် ဗိုလ်မှူးကြီး နေဝင်းရန်ကုန်မှ ထွက်ခွာသွား၍ ရန်ကုန်တွင်လူကြီးပိုင်းမှမည်သူမျှ မရှိတော့သော မတ်လ ၂၃-ရက်နေ့တွင် အမိ ပတိ ဒေါက်တာ ဘမော်က မြန်မာပြည်စစ်နယ်ဗိုလ်ချုပ်ကီမူရာ ကိုဗိုလ်ချုပ်အောင်ဆန်း ထွက်ခွာသွားခြင်းသည် အင်္ဂလိပ်များကို ခုခံရန်မဟုတ်။ ဂျပန်တပ်မတော်ကို ရက်အနည်းငယ် အတွင်း တော်လှန် ပုန်ကန်ရန် ဖြစ်ကြောင်း ပြောသည်။ ထိုသို့ ပြောခြင်းကို အတိအကျ သိသော ထိုစဉ်က ဒုဝန်ကြီးချုပ် သာယာဝတီသခင်မြ (ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကွယ်လွန် အနိစ္စရောက်သူဝန်ကြီးဟောင်း သာယာဝတီ သခင်မြ) က ဝန်ကြီးဟောင်း ဦးကျော်ညိမ်း (ထိုစဉ်ကနိုင်ငံခြားရေးဌာနအတွင်းဝန်) ကိုခေါ်၍အမိပတိကတော်



ဗိုလ်မှူးကြီးခင်ညို (အငြိမ်းစား)

လှန်ရေးကိစ္စကို ဂျပန် ဗိုလ်ချုပ်ကီမူရာအား ပြောပြ လိုက်ကြောင်းကို အသေးစိတ် ပြောပြပြီး ဗိုလ်ချုပ် အောင်ဆန်းထံ အမြန်ဆုံး သတင်းပေးပို့ ရန် ရန်ကုန်ရှိ တာဝန်ခံ စစ်ဗိုလ် တဦးဦးထံ သွားပြောပါဟု ခိုင်းစေသည်။ ဤသို့ခိုင်းစေချက်အရ ဦး ကျော် ညိမ်း....(ဝန် ကြီးဟောင်း) ကျွန်တော် နေထိုင်ရာ အလုံ ရပ်ကွက် ရောဝတီဝင်း အတွင်းရှိ အိမ်သို့ လာပြောသည်၊

အနီးဆုံးနှင့် အလွယ် ဆုံးသို့
ဦး ကျော် ညိမ်း လာသော နေ့မှာ မတ်လ ၂၃-ရက်နေ့ ဖြစ်၍အချိန်မှာ နေ့လည် ၁၂-နာရီ လောက်တွင် ဖြစ်သည်။ ဦးကျော်ညိမ်းထံမှ သတင်းကို ကြားသိ ရသောအခါ ကျွန်တော်လည်း ပြာသွား ပါသည်။ အမြန်ဆုံးဗိုလ်ချုပ် အောင်ဆန်းထံ သတင်းပို့ရန်မှာ စစ်တိုင်း တတိုင်း၏ စစ်ရေး ခေါင်းဆောင် တဦးဦး၏ ဌာနချုပ်မှသာ ဖြစ်နိုင်သည်၊ ထို့ကြောင့် ကျွန်တော် အနီးဆုံး သွားရန် အလွယ်ဆုံးပဲခူး ဗိုလ်မှူး ကျော်ဇော (ယခုဗိုလ်မှူးချုပ် ကျော်ဇော အငြိမ်းစား) ထံ ဆက်သားလွှတ်၍ ပြောမည် ဖြစ်ကြောင်း ဦးကျော်ငြိမ်းကို ပြန်ပြော လိုက်ပါသည်၊ ဦးကျော်ညိမ်း လည်း ပဲခူးမှအဖြေကို ပြန်သတင်း ပေးရန်ပြောပြီး ပြန်သွား ပါသည်။

ထိုစဉ်က စစ်တိုင်း ဌာနချုပ်များတွင် ကြိုးမဲ့ ကြေးနန်း ရှိနေသည်ဟု ကျွန်တော် ထင်မှတ်ခဲ့သည်၊ ကျွန်တော် ထင်သလို စစ်တိုင်းဌာန ချုပ်များတွင် ကြိုးမဲ့ ကြေးနန်းမရှိကြောင်း တော်လှန်ရေးပြီးမှ သိရပေသည်။

ဆက်သားအဖွဲ့လွှတ်၍
ဦး ကျော် ညိမ်း ပြန်သွားသောအခါ ကျွန် တော် လည်း ကျွန်တော့ အစ်ကို ထောက်ပံ့ရေးတပ်ရင်းတပ်ရင်းမှူးဗိုလ်ကြီး ဗိုလ်ခင်မောင်ကလေး (ဝန်ကြီးဟောင်းဗိုလ်ခင်မောင် ကလေး က) ယုံကြည်စိတ်ချရ၍ ထား ခဲ့သော ရဲဘော်ဝင်းမြင့် (စစ်ရဲတင်စိုး မှူးဟောင်း) နှင့် ရဲဘော် ဘိုချွန် (ယခုဗမာ့ တပ်မတော် ဗိုလ်သို့မဟုတ် ဗိုလ်ကြီး) ချက်

# သူတို့ခေါင်းတွေရှိနေတာ ကျုပ်သစ္စာရှိခဲ့လို့

● အယ်ဒီတာ၏မှတ်ချက်။ ● ယခုအပတ်အိုးဝေဂျာနယ် စာမျက်နှာ [၉] ၌ ပါရှိသော ဗိုလ်ခင်ညို၏ ဆောင်းပါးတွင် တော်လှန်ရေး အစီအစဉ်များ ပေါက်ကြားသည်ဟု ပါရှိခဲ့ရာ၊ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါက်တာဘမော် ၏ အာဘော်မှာ အောက်ပါအတိုင်းဖြစ်၏။ တင်ပြချက်နှင့်ဖြေရှင်းချက်ကို အိုးဝေ၌ တပါတည်း ပါရှိစေရန် အထူးကြိုးပမ်း စီစဉ်ရပါသည်။)

## ဒေါက်တာ-ဘမော်

ပြန်လည်ချေပသည်။

နိုင်ငံရေး သမားဆိုတာ ခဲ ပေါက်ခံရတာပါပဲ။ အရင်တုံး ကလဲ ခဲပေါက် ခံခဲ့ရဘူးပေါင်း များပါပြီ၊ ဒါပေမဲ့ အနိုအယ ဂ ရုမစိုက်ပါဘူး။ အခုပေါက်တဲ့ ခဲ ကတော့ တော်တော်ကို ညစ် ပတ်တာဘဲ။

ပေါက်တဲ့ လူကလဲ သာမန် လူမဟုတ်ဘူး၊ တပ်ထဲက ဗိုလ်မှူး ဖေါ်ဘဲ ဝိုးဝှက်ထားရ သလဲ။ မှန်ရင်မှစာပေကဘဲ ဖော်ဘို့ သင့်တယ်။

စွပ်စွဲချက်တွေဂရုမစိုက်

ဒီနှစ်ပရိစ္ဆေဒ အစိုးရ ကျော် အတွင်းတွင် ကျုပ်ဟာ အစွပ်စွဲ အမျိုးမျိုး ခံခဲ့ရတယ်။ သို့သော် ပုဂ္ဂိုလ်အနေနဲ့သာ စွပ်စွဲခဲ့တာ



အဓိပတိဟောင်းဒေါက်တာဘမော်

ကြီးဟောင်း တယောက် ဖြစ် တယ်။

ဗမာ့သမိုင်းကို ထိခိုက်တဲ့ခဲ

ကျုပ်စပြီးပြောခဲ့တဲ့ အတိုင်း နိုင်ငံရေးသမားဆိုတာ ခဲပေါက် ခံရတာ လေ့ဘဲ။ စစ်ကြီးပြီး ခဲ့တာလဲ နှစ်ပေါင်း အစိပ် ကျော်ပြီ ၊ ဒီအချိန်အတွင်းမှာလဲ ကျုပ်ခဲနဲ့ ပေါက်ခံရတာများပြီ။ ဒါပေမဲ့-ဒါပေမဲ့ ခုပေါက်တဲ့ ခဲက သာမန်ခဲ မဟုတ်၊ ပေါက် တဲ့လူက စစ်ဗိုလ်ဟောင်း- ဗိုလ် မှူးကြီးခင်ညိုဖြစ်တယ်။ ပေါက် တဲ့ အချက်တလဲ တော်တော် စိတ်နာစရာကောင်းတဲ့ အချက် ဘဲ။

ကျုပ်ကိုမှ ထိတာမဟုတ်၊ဒီ ခဲက ဗမာရာဇဝင်သမိုင်းကို အ ထူးဘဲ ထိခိုက် တဲ့ ခဲဘဲ။

ဒီလောက် တောင် အရေး ကြီးတဲ့ ကိစ္စကို ဗိုလ်မှူးကြီးခင် ညိုက ဘာ့ကြောင့် ဒီလောက် တောင် နှစ်ပရိစ္ဆေဒများစွာ မ

ကြောင့်ကျုပ်လုံးဝဂရုမစိုက်ဘဲ နေခဲ့တယ်။ နိုင်ငံရေး ခေါင်း ဆောင်တဦးဟာ အာဏာ မရှိ တော့ အမျိုးမျိုး အပြော ခံရ တာဘဲ။ ဥပမာ ဖွဲ့ထူတထောင် ဘုရားစိန်ဖူးကို ကျုပ်ခိုး တယ်၊ စိန်ရွှေ တပုံတခေါင်းကြီး ကျုပ် ဇနီးဝယ်တယ် ဆိုတဲ့ ညစ်ပတ် လုံးအမျိုးမျိုးတွေ အပြောခံခဲ့ရ တယ်။ သို့သော် ကျုပ်ဂရုမစိုက် ခဲ့ပါဘူး။ ဒါဟာ မှုတ်ဘဲလို့ ကျုပ်သဘောထားခဲ့တယ်။ သို့ သော်၊ ယခုစွပ်စွဲချက်က၊ ကျုပ် ပြောခဲ့တဲ့အတိုင်း ရာဇဝင်သ မိုင်းကို၊ ထူးခြားစွာ ထိခိုက်နိုင် တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။

ကွန်မြူနစ်တွေဆိုပင်ကူညီခဲ့

ခုကျုပ်ကို စွပ်စွဲထားတာက အတော်ကိုကြီးလေးတဲ့ အချက် ဘဲ။ စစ်ပြီးတဲ့ နှစ်ပေါင်း အစိပ် ကျော်အတွင်းမှာ ဒီတခါဘဲ ဒီ လို အစွပ်စွဲခံခဲ့ရဘူးတယ်။ကျုပ် ဆက်ပြီးတော့ တိုတိုသာ ပြော တော့မယ်။ ဒီစွပ်စွဲချက်အတိုင်း

ဆိုရင်၊ဗမာလူမျိုးများကို အဓိပ တိအနေနဲ့ သစ္စာဖောက်ပြီး ဂျ ပန်လက်ထဲ ထိုးအပ်ဖို့ကြံတယ်။ ဒီစကားလုံးဟာ အတော်ကိုဘဲ အခံရ ခက်တဲ့ စကား လုံးဘဲ။ ကျုပ်ဟာ ဟိုအချိန်အခါက၊အ သက်ကို စွန့်ပြီး ဗမာ အားလုံး ဘယ်လိုမျှ မနစ်နာစေအောင် ကာ ကွယ်ပေးခဲ့တယ်။ သခင် သန်း ထွန်းနဲ့ ကွန်မြူနစ်များ ကိုလဲ ကျုပ် ထပ် တ လဲလဲ အသက် ဘေးမှ ကယ် တင် လာ ခဲ့ ရ မကာ၊ သူ တို့ လမ်း သူတို့ လွတ် လွတ် လပ် လပ် သွားနိုင် အောင် သခင်သန်း ထွန်းနဲ့ သူ့ လူများ ကို တောင်ငူတော တောင် ဘက် သို့ သွားရန် လမ်းခင်း ပေးခဲ့တယ်။ ဦးနုစာ အုပ်ထဲမှာ ပါတဲ့ အ တိုင်း သူတို့ အသက် ဘေး များကို တိမ်း ရှောင် နိုင် အောင် မစ ခဲ့တယ်။ သခင် စိုးကြီးကိုသူနဲ့ ကျုပ် ကိုယ် တိုင် မတွေ့ သော်လဲ၊ဗိုလ်ရန်နိုင် အားဖြင့် သတိပေး စကား အမျိုးမျိုး ပို့ ခဲ့တယ်။

သခင်မြနဲ့ သခင်နု အပြင်၊တခြားသခင် ခေါင်းဆောင် တို့လဲ ကျုပ်ကိုအား ကိုး၍ အတူ တူဘဲ တိမ်း ရှောင် ဘို့ လိုက် ခဲ့ တယ်။ ကျုပ် ဟာ ဒီလောက် တောင် သစ္စာ မဲ့ ဆို လျှင်၊

ဘာဖြစ်လို့ ဒီလူတွေဟာ သူတို့ အသက် ကျုပ်လက်ထဲ အပ်ခဲ့ ကြရသလဲ။

ဥာဏ်နီဥာဏ်နက်ကျော့ကွင်း

ဒီလို အပ်လို့လဲသူတို့ သေ ဘေးမှ လွတ်ခဲ့ တယ် မဟုတ် လား။ ကဲ....သက်သေ သာဓ က အကြီးဆုံး၊ ဗိုလ်ချုပ်လာပြီ။

ကျုပ်ကို ဗိုလ်ချုပ် အောင် ဆန်း ကိုယ် တိုင်က ရွှေ တောင်မှ ကျုပ်ထံရေးခဲ့တဲ့ စာ ဖြစ်တယ်။ ဒီစာတို့ဘယ်နည်းနဲ့

(စာမျက်နှာ ၃၄-သို့)

My dear Adipadigyi,

*I am sorry that I was* **unable** *to meet you before I came out here as I had promised you.* **Conditions were such that I had to do** *things in a hurry.* Sometimes I am afraid *you might misunderstand me* *I shall be coming back to Rangoon* and, if conditions do not worsen so unexpectedly, I hope to meet you again. Meantime I wish to send you some report.

As I said in my speech, I would do my best to *save the situation.* But as you would also understand, these are dark days for us. *The Japanese troops are withdrawing* to all intents and purposes. And I shall not be surprised if, before monsoon, the war in Burma is over. Anyway, I think *I don't blame the Japanese too,* for from the strategical point of view, if you might understand, this is the only *wise and sound course* for them to do. Nevertheless, **there is** still hope for us, I suppose. Of course, we shall have to be prepared to struggle alone for some time. But I have every confidence that our cause will win ultimately. *War or no war, peace or no peace, the struggle for our national independence must go on* till it ends in victory. And I will do **my best.** You might misunderstand me now perhaps. But **believe me,** after some time you will see whether I mean what **I say.** At present I have to fix up many things because there are so many angles to be straightened. Meantime, I wish you to be prepared for the worst and *do whatever possible in your line.*

Yours,
Aung San

တော်လှန်ရေးပြုလုပ်ချိန်က ရွှေတောင်မြို့မှ ဗိုလ်ချုပ်အောင်ဆန်းက ဒေါက်တာဘမော်ထံရေးပို့ခဲ့သောစာ။

